mgyoe.com SAMPLE BOOK



# သား ပြန် လာ ပြီ အ မေ

## သု ခ မိန် လှိုင်

**Your son's coming home, Mother**


**Thukamein Hlaing**

translated by Maung Tha Noe

Pop Style Rapping Song

mgyoe.com

mgyoe.com SAMPLE BOOK



# သား ပြန် လာ ပြီ အ မေ

သု ခ မိန် လှိုင်

**Your son's coming home, Mother**
**Thukamein Hlaing**

translated by Maung Tha Noe

Pop Style Rapping Song . 1

Soe Moe Than

Pop Style Rapping Song . 2

Dandaryi

mgyoe.com

9 248050 633156

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

နှစ်ကာလများ
စာအုပ်အစီအစဉ် ၆၀၃

# သားပြန်လာပြီအမေ

## သုခမိန်လှိုင်

# Your son's coming home, Mother

## Thukamein Hlaing

translated by **Maung Tha Noe**

Pop Style Rapping Songs ... 1
Soe Moe Than
Pop Style Rapping Songs ... 2
Dandaryi
With QR Code

နှစ်ကာလများ
အမှတ် ၁၀၄၊ အပေါ်ဆုံးထပ် (က)၊
အောင်ဇေယျလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၁ ၈၂၅၅ ၉၄၈၊ ၀၉ ၇၄၀ ၉၇ ၉၃၉၃

mgyoe.com

mgyoe.com SAMPLE BOOK

**ပုံနှိပ်မှတ်တမ်း**

သား ပြန်လာပြီ အမေ

သုခမိန်လှိုင်

ဒုတိယအကြိမ်၊ အောက်တိုဘာ၊ ၂၀၂၅။

ပထမအကြိမ်၊ အောက်တိုဘာ၊ ၂၀၀၂ (စာအုပ်ဈေး)။

အုပ်ရေ – ၈၀၀

တန်ဖိုး – ၁၀၀၀၀ ကျပ်

**ထုတ်ဝေသူ** – ဦးစိန်ဝင်း၊ နှစ်ကာလများ စာပေ (၀၀၇၄၄)၊ ၁၀၄၊ အပေါ်ဆုံးထပ် (က)၊ အောင်ဇေယျလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ **အတွင်းနှင့် အဖုံးပုံနှိပ်** – ဦးအေးဝင်း၊ အေးကမ္ဘာပုံနှိပ်တိုက် (၀၀၂၉၀)၊အမှတ် ၄၆၊ ၄၆ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ **မျက်နှာဖုံး** – သုခမိန်လှိုင်၊ **ကွန်ပျူတာစာစီ** – သရဖီ၊ **စာအုပ်ချုပ်** – ကိုပြင့်။

mgyoe.com

mgyoe.com SAMPLE BOOK

အဖေအမေအား သတိရသော သားသမီးများသို့
သားသမီးများအား သတိရသော အဖေအမေများသို့ ...

အမှတ်တရ သိမ်းဆည်းလိုသူများအတွက်
'နှစ်ကာလများ' နှင့် 'အနန္တအနုပညာ'မှ
အမှတ်တရ ထုတ်ဝေပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK



mgyoe.com

mgyoe.com SAMPLE BOOK

# ဒဏ္ဍာရီ


စီစဉ်သည်

INFINITY
art
အနန္တအနုပညာ

အမှတ် (၁၄)၊ ပထမထပ်၊ စမ်းချောင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
dandaryiwaiwai@gmail com

mgyoe.com

mgyoe.com SAMPLE BOOK




သမီးကြီး တာရာ ကို ပေးခဲ့တဲ့ "ဂျွန်လ၏မိုးရေများ"

**4th July 72**

mgyoe.com

mgyoe.com SAMPLE BOOK

# အမှာစာ

'အ မေ မ ရှိ မှ ပြန် လာ သော သား'

၂၀၀၂ အောက်တိုဘာ ၅ မှာ ဟစ်ဟော့သီချင်းတစ်ပုဒ် နားထောင်နေရင်း သီချင်းရဲ့ အရှိန်နဲ့ မျောပါသွားပြီး 'သား ပြန်လာပြီ အမေ' စာသားတွေ ရေတံခွန်တစ်ခုလို စီးဆင်းသွားမိတယ်။

ကဗျာတစ်ပုဒ်လုံး ပြီးသွားတော့ 'ဟစ်ဟော့သီချင်းတစ်ပုဒ် နားထောင်နေရင်း သီချင်းနဲ့အတူ တစ်ချိန်တည်း၊ တစ်ရှိန်တည်း ရေးဖြစ်သွားတယ်'ဆိုတဲ့ စာပိုဒ်လေး ရေးခဲ့ပါတယ်။ 'စာအုပ်ဈေး' စာအုပ်တိုက်မှ ကိုမော်လင်းက စီစဉ် ထုတ်ဝေပေးခဲ့ပြီး 'သား ပြန်လာပြီ အမေ'ကို ဟစ်ဟော့အစီအစဉ် အသံသွင်းဖို့ ပြောခဲ့ပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း ဒီစိတ်ကူး ဒီအစီအစဉ်ကို လုပ်ဆောင်ဖို့ ရှိပါတယ်။

၂၀၀၂ – ၂၀၂၅ ...

၂၃ နှစ် ရှိခဲ့ပြီ။

ကျွန်တော် လုပ်ချင်တဲ့ အနုပညာ စိတ်ကူးတွေ များခဲ့ပြီး ဗျာများနေတဲ့ အချိန်တွေ အမြဲတမ်း ဝိုင်းနေခဲ့ပြီး ဒီအစီအစဉ် မစဖြစ်ခဲ့ပါဘူး။ ဒီနှစ်တော့ ညီမလေး 'ယံယံ'က သီချင်းတွေ ရေး၊ ဆိုနေတဲ့ သမီး 'ဒဏ္ဍာရီ'ကို ဒီ အစီအစဉ်လေး ပြုလုပ်ပေးဖို့ ပြောခဲ့ရာက သမီး ဒဏ္ဍာရီက ၂၃နှစ် ကြာသွားတဲ့ 'သား ပြန်လာပြီ အမေ'ရဲ့ ယခု အစီအစဉ်လေးကို လုပ်ဆောင်ပေးဖြစ်သွားခဲ့ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ကဗျာစာသားတွေကို ဒဏ္ဍာရီရဲ့ ဂီတဆရာ 'စိုးမိုးသန်း'က သံစဉ်တွေ ရှာ၊ သီဆို ဖန်တီးပေးခဲ့ပြီး ဒဏ္ဍာရီက Version တစ်ခု သီဆိုကာ YouTube မှာ အားလုံး ခံစားကြည့်ရှုနိုင်အောင် တင်မယ်။ စာအုပ်မှာလည်း ဒီအစီအစဉ်ကို အသံ၊ အရုပ်၊ စာသားတွေနဲ့ အမှတ်တရ ကြည့်နိုင်အောင်၊ အမှတ်တရ သိမ်းဆည်းနိုင်အောင် QR Code ထည့်ပေးပြီး ထုတ်ဝေဖို့ 'နှစ်ကာလများ' နဲ့အတူ စီစဉ်ဖြစ်ခဲ့ကြပါတယ်။

ဒီအစီအစဉ်ရဲ့ ဂီတအမျိုးအစားကိုတော့ 'Pop style rapping' ပုံစံလို့ ပြောရင် ပိုမှန်မယ်။ အလွယ် ပြောရင်လည်း hip hop style လို့ ပြောနေကြတာပဲ။ 'pop song တွေမှာ ဝင်ဆိုတဲ့ rapping style ပေါ့'လို့ စိုးမိုးသန်းက ပြောပါတယ်။

စာအုပ်ထွက်စဉ်က အဖေ ရှိခဲ့ပြီး စိတ်ကူးခဲ့တဲ့ အစီအစဉ်ကို စာအုပ်နဲ့အတူ ထုတ်ဝေချိန်မှာတော့ အမေနဲ့အတူ အဖေပါ မရှိတော့ပါဘူး။

မရှိတော့တဲ့ မမြဲခြင်းတရားမှာ မမေ့လျော့တဲ့ ရှိနေခြင်းရဲ့ တန်ဖိုးများ၊ ကျေးဇူးတရားများကို မြဲမြဲစွာ မျက်မှောက်ပြု လုပ်ဆောင်ဖြစ်ခဲ့ကြပါတယ်။

**သုခမိန်လှိုင်**

၈ စက်တင်ဘာ ၂၅။

mgyoe.com



mgyoe.com SAMPLE BOOK

## သား ပြန်လာပြီ အမေ

သားက အိမ်ကို ကောင်းကောင်း ပြန်လာတာပါ အမေ
သား ပြန်လာတဲ့ လမ်းမှာ
အနှောင့်အယှက် အခက်အခဲတွေက
အများကြီးပဲ အမေရဲ့

mgyoe.com

mgyoe.com SAMPLE BOOK

သစ်ပင်ကြီးတွေကလည်း
ကောင်းကောင်း မပေါက်ကြဘူး
စောင်းစောင်းကြီးတွေ ပေါက်လို့
လယ်ကွင်းကြီးတွေကလည်း
လွမ်းဆွတ်စရာတွေ
ရှုးလို့ ဆွတ်လို့ မကုန်အောင်
သီးပွင့်နေသလိုပါပဲ အမေရယ်
လေတွေကလည်း
သား ပြန်လာမှာ သိလို့ ထင်ပါရဲ့
ခါတိုင်းထက် ပိုပြီး
ရှူးရှူးနှမ်းနှမ်း တိုက်ကြလို့
သားအတွက်
ခလုတ်တိုက်စရာ ခဲလုံးတွေကိုလည်း
တမင် ချထားကြသေးတယ် အမေ



mgyoe.com




mgyoe.com SAMPLE BOOK

ကောင်းကင်ကြီးကလည်း
ဒီနေ့ကျမှ ပိုပြီး
အုံ့အုံ့ဆိုင်းဆိုင်း ညို့မှိုင်းလို့
လမ်းမှာ ဖွင့်နေတဲ့ သီချင်းကတောင်
'သေအောင်သာ ရှာပါ မိုး'တဲ့
အဲဒါ
သားကို တမင် စောင်းဆိုနေတာပေါ့ အမေရဲ့

mgyoe.com

mgyoe.com SAMPLE BOOK




အဖေ့ကို ပေးခဲ့တဲ့ "သားပြန်လာပြီအမေ" နှင့်
အဖေ့ မှတ်တမ်း လက်ရေး

အဖေ့ လက်ရေးနှင့် ၂၃ - ၁၀ - ၂၀၀၂


mgyoe.com

mgyoe.com
SAMPLE BOOK

မြည်းတစ်ကောင်နဲ့ သားအဖ နှစ်ယောက်ကို
အပြစ်ပြောဖို့ စောင့်နေတဲ့
ပတ်ဝန်းကျင်ကလည်း ရှိပါသေး
ဒါပေမဲ့ ဒီနေရာမှာတော့
သားကပဲ သား
သားကပဲ အဖေ
သားကပဲ မြည်း
ပိုပြီး ပြောလို့ ကောင်းကြပြီပေါ့ အမေ

mgyoe.com

mgyoe.com SAMPLE BOOK



အမေ ငယ်စဉ်က
မသိင်္ဂီ လက်ရာ-97

mgyoe.com

mgyoe.com
SAMPLE BOOK

သား ထွက်သွားတုန်းက ၁၉၇၀
(အမေ့ အသက်က ၄၇
ဒီနေ့ သားအသက်က ၅၄ နှစ်ထက်
၇ နှစ် ငယ်သေးတယ်)
အဲဒီတုန်းက
သားက ဆံပင်ရှည်နဲ့
ဂျင်းဘောင်းဘီနဲ့
'ဂျွန်လဲ၏မိုးရေများ' အသစ်စက်စက်နဲ့
ပိုက်ဆံတော့ မပါဘူး အမေ
သား ဘူတာရုံမှာ အိပ်တယ်
လမ်းပေါ်မှာ စာအုပ်ရောင်းတယ်

mgyoe.com


mgyoe.com
SAMPLE BOOK

အမေ့အိမ်မှာ
တစ်နေ့ လက်ဖက်ရည် ၃ ခွက်
စိတ်အေးလက်အေး သောက်နိုင်ခဲ့တဲ့ သားဟာ
သူများ တိုက်မှပဲ
လက်ဖက်ရည် တစ်ခွက်ကို အနိုင်နိုင်
သောက်နိုင်တော့တယ် အမေ
အဲဒါ
နွေ့ ဆယ်ခု
မိုး ဆယ်ခု
ဆောင်း ဆယ်ခု
ရာသီဥတုတွေ အများကြီး
အကြာကြီးပါ အမေ



mgyoe.com

mgyoe.com
SAMPLE BOOK



အဖြစ်အပျက်တွေကလည်း
အများကြီးပါပဲ အမေ
တစ်ဘဝတည်းနဲ့
ဘဝပေါင်း ငါးရာ့ငါးဆယ်
တစ်ခါတည်း တင်ဆက်ရတာလားလို့
သား အသံထွက်ခဲ့ဖူးပါတယ်
ဒါပေမဲ့ အားလုံး ချုပ်လိုက်တော့
မြတ်စွာဘုရားရဲ့
အနိစ္စ၊ ဒုက္ခ၊ အနတ္တ
သုံးမျိုးထဲမှာပါပဲ အမေ။

mgyoe.com

mgyoe.com SAMPLE BOOK

ကဲ ... အခု သား ပြန်လာတော့ ၂၀၀၂
(အမေ မရှိတော့ဘူး
　　အမေ ရှိရင် အသက် ၈၀)
သား နဖူးပေါ်က ဆံပင်တွေ
　　ဘယ်သူ ယူသွားကြပြီလဲ
(မတတ်နိုင်ဘူး အမေ)
မိုက်ပူတာကိုတော့
　　ကိုယ်တိုင် မကြိုက်လို့
၁၉၈၀ လောက်ကတည်းက
　　ဆင်ဆင်ခြင်ခြင် နေမိလို့
　　　သိပ်တော့ မဆိုးပါဘူး


mgyoe.com

mgyoe.com SAMPLE BOOK



သား အခုထိ ကြိုက်လို့ မရဘဲ
သုံးလို့ပဲ ကောင်းတဲ့ ပိုက်ဆံတွေကိုလည်း
သား တော်တော် ရှာတတ်လာပါပြီ အမေ
အမေ့မြို့ကလေးမှာတော့
ဦးလေးကိုလှမောင် ဆံပင်ညှပ်ဆိုင်
မရှိတော့ဘူး အမေ
ငယ်သူငယ်ချင်း ရဲမြင့်ကြီးက
ဘူတာရုံမှာ စံပယ်ပန်းတွေ ရောင်းလို့။

mgyoe.com

mgyoe.com SAMPLE BOOK



ကမ္ဘာကြီးကလည်း
နည်းပညာ အသစ်အဆန်းတွေနဲ့
ပိုကြီးလို့၊ ပိုထွားလို့
မိုးထိတိုက်ကြီးတွေ
မိုးပျံလမ်းမကြီးတွေ
ပိုကြီး ပိုထွားသွားတော့
လူသားဘဝကလည်း
ပိုပြီး သေးငယ်
သေးသိမ်သွားရပြီပေါ့
သားက အဲဒါကို မခံနိုင်တာပါ အမေ

mgyoe.com

mgyoe.com
SAMPLE BOOK

ကမ္ဘာကြီးကို ချိတ်ဆက်ထားတဲ့
ကွန်ရက် လမ်းမကြီးတွေ ပိုရှည်
လူသားဘဝတွေကို
တန်ဖိုးကျစေတဲ့
စတော့ရှယ်ယာ ဈေးနှုန်းတွေ ပိုရှည်
ကမ္ဘာကြီးကို
လူသားဘဝတွေကို
နေ့စဉ် ခြောက်လှန့်နေတဲ့
စစ်အေး၊ စစ်ပွဲကြီးတွေ ပိုရှည်
သား မျှော်လင့်မှုတွေ
ဟိုတုန်းကထက် ပိုရှည်
သား ဆံပင်တွေတော့
တိုသွားခဲ့ပြီ အမေ



mgyoe.com

mgyoe.com
SAMPLE BOOK



သားက
နိုင်ငံရေးသမား မဟုတ်ပါဘူး အမေ
သားလည်း ပျော်ချင်သလို
သူများတွေလည်း ပျော်ချင်မှာပဲလို့
ကိုယ်ချင်းစာ စိတ်လောက်ပဲ
ထားနိုင်သူပါ အမေ။

mgyoe.com

mgyoe.com
SAMPLE BOOK

သား – အရက်တွေကို ကြိုက်ချင်လာတယ် အမေ
ဒါပေမဲ့
သား မကြိုက်ရဲဘူး အမေ
ဆက်ပြီး ဝန်ခံရဦးမှာပါပဲ
သူယောင်မယ်လေးတွေကို
ကြိုက်ချင်စိတ်တွေကလည်း
သား တစ်ကိုယ်လုံး
ချစ်ချစ်တောက်နေတာပါ အမေ
ဒါပေမဲ့ ဒါလည်း
သား မရွေးရဲပါဘူး အမေ
ကျွန်တော် နေတဲ့ ကမ္ဘာကြီးကို ချစ်တယ်
ကျွန်တော်နဲ့တူတဲ့ လူသားတွေကို ချစ်တယ်
ဒါကြောင့် ဝင်ပြီး မျှယူ ကူထမ်းဖို့ဆိုတာ
ပြောတော့ လွယ်တယ်
တော်တော် ခက်တာပဲ အမေ



mgyoe.com